CRPH
COMMITTEE REPRESENTING PHYIDAUGSU HLUTTAW-UNION
PARLIAMENT OF MYANMAR
MYANMAR SPECIAL ENVOY TO UNITED NATIONS
SASA@CRPHMYANMAR.ORG

ကြေညာချက်

တရားဝင် ပါလီမန်က ခန့်အပ်ထားသည့် ပြည်ထောင်စု လွှတ်တော် ကိုယ်စားပြုကော်မတီ ("CRPH") မှတစ်ဆင့် ဆောင်ရွက်နေသော ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ ("မြန်မာနိုင်ငံ") ၏ နိုင်ငံတကာ ဥပဒေ အကျိုးဆောင် Volterra Fietta ဥပဒေပညာရှင်အဖွဲ့သည် ၂၀၂၁ ခုနှစ် ဧပြီလ ၇ ရက်နေ့တွင် မြန်မာနိုင်ငံအတွက် လွတ်လပ်သည့် စုံစမ်းစစ်ဆေးမှုဆိုင်ရာ ယန္တရား ("IIMM") အကြီးအကဲနှင့် သူ၏ အဆင့်မြင့်အရာရှိများကို တွေ့ဆုံခဲ့ပါသည်။ အစည်းအဝေးတွင် IIMM နှင့် မြန်မာနိုင်ငံ၏ ဥပဒေ အကျိုးဆောင် ကိုယ်စားလှယ်များသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့နှင့် ၎င်းနောက်ပိုင်း ကာလများတွင် စစ်တပ်က ကျူးလွန်သည့် ရက်စက်ကြမ်းကြုတ်မှုများနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံ (CRPH မှတစ်ဆင့်) နှင့် IIMM တို့အကြား အပြန်အလှန် ဆွေးနွေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှု နည်းလမ်းများကို ပြောဆိုခဲ့ကြပါသည်။ ယခုတွေ့ဆုံမှုသည် ယင်းသို့သော ဆွေးနွေးမှုအတွက် ပထမဆုံးအကြိမ် ဖြစ်ပြီး ဆက်လက်၍ တွေ့ဆုံဆွေးနွေးမှုများအတွက်လည်း လာမည့် ရက်များတွင် စီစဉ်ထားပါသည်။

ဤတွေ့ဆုံမှုသည် ၂၀၂၁ ခုနှစ် ဧပြီလ ၂ ရက်၊ သောကြာနေ့တွင် မြန်မာနိုင်ငံ (CRPH မှတစ်ဆင့် ဆောင်ရွက်သည်) က ၎င်း၏ နိုင်ငံတကာ ဥပဒေအကျိုးဆောင် ကိုယ်စားလှယ်များအား ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့နှင့် ၎င်းနောက်ပိုင်းကာလများတွင် စစ်တပ်က ကျူးလွန်သည့် ရက်စက်ကြမ်းကြုတ်မှုများနှင့် ပတ်သက်ပြီး ကုလသမဂ္ဂရှိ နိုင်ငံတကာလူ့အခွင့်အရေး အဖွဲ့အစည်း အမျိုးမျိုးနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းများ ပြုလုပ်သွားရန် ညွှန်ကြားခဲ့ပြီးနောက်ပိုင်း ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။

ယခုအချိန်အထိ CRPH သည် သက်သေအထောက်အထား ၂၇၂၊ ၂၀၉ ခုကျော် လက်ခံရရှိထားပါသည်။ ဤသက်သေ အထောက်အထားများက စစ်တပ်သည် အရပ်သား ပြည်သူလူထုကို နိုင်ငံအနှံ့ အစီအစဉ်ချမှတ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ပစ်မှတ်ထား တိုက်ခိုက်နေကြောင်း ပြသနေပါသည်။

ဒေါက်တာ ဆာဆာ
၂၀၂၁ ခုနှစ် ဧပြီလ ၇ ရက်